# AYEYARWADY FOUNDATION

Help Nurture Our Future Generation
by Joining Hands with
**AYEYARWADY FOUNDATION**

မျိုးဆက်သစ်တို့ အနာဂတ်လှပစေဖို့
**ဧရာဝတီဖောင်ဒေးရှင်း** နှင့် လက်တွဲကူညီကြပါစို့

# TABLE OF CONTENT



**Letter from Chairman**

**About Us**
- History
- Vision and Mission

**Who we are**
- Corporate Structure
- Management Team

**What we do**
- Health Sector
- Education Sector
- Youth Development and Sport Program
- Responsible Business Practice Program
- Disaster Management




Since I grew up in a small town in the Delta region with hardships, I realize the difficulties of livelihoods of the common people. Through the years I have been working abroad, I realized how our country is left behind and with that in mind, I decided to play a part in uplifting the way of life of our people with maximum effort. In 1995, when I come back to my homeland, I started donating firefighting trucks, building schools and supporting scholarships within my own capacity.

In May 2008, Myanmar encountered the worst natural disaster in its recorded history. Cyclone devastated lives as well as the livelihoods of thousands of people, especially in my birthplace, Ayeyarwaddy Region. I came to face the reality of devastation of lives and livelihoods of the people in my region where the Cyclone Nargis had had set foot in while I was staying there for a year for rescue, relief and rehabilitation efforts. Therefore, Ayeyarwady Foundation was founded in an effort to uplift the people of Myanmar in all aspects of their lives as and when necessary during this short life span of a human being.

From the time of its inception, Ayeyarwady Foundation is driving forward in achieving its founding principles and is focused in education, health, youth and sports sectors as well as disaster management. In 2015, Ayeyarwady Foundation extended its CSR efforts by educating and sharing knowledge to local companies for global compliance in a proper corporate governance manner by cooperating with foreign institutions in Responsible Business Practice.

I am confident to state that Ayeyarwady Foundation will continue participating in development process of our country under the auspice of the new democratic government, and together with the Government, our business partners, other local foundations and NGOs as well as INGOs, the foundation will strive to work together in uplifting the livelihoods of our people.

မိမိငယ်စဉ်အခါက မပြည့်စုံတဲ့ဘ၀အခြေအနေဖြင့် နယ်မြို့လေးတစ်ခုတွင် ကြီးပြင်းခဲ့ရသောကြောင့် အခြေခံလူတန်းစားများ၏ ဘ၀ရုန်းကန်မှုအပေါ် များစွာခံစား နားလည်မိပါသည်။ ပြည်ပတွင် သွားရောက်လုပ်ကိုင်စဉ်တွင်လည်း အခြားနိုင်ငံများနှင့် အစစအရာရာ ကွာဟနေသည့် မိခင်နိုင်ငံအတွက် တတ်စွမ်းသရွေ့ အားပေးကူညီလုပ်ဆောင်ပေးမည်ဟု သံန္နိဋ္ဌာန်ချခဲ့သည်။ ၁၉၉၅ ခုနှစ်တွင် မိခင်နိုင်ငံသို့ ပြန်ရောက်ချိန်တွင် မီးသတ်ကားများ လှူဒါန်းခြင်း၊ စာသင်ကျောင်းများ ဆောက်လုပ်ပေးခြင်းနှင့် ပညာသင်ထောက်ပံ့ကြေးပေး အစရှိသည်တို့ကို စတင်လုပ်ဆောင်ခဲ့ပါသည်။

၂၀၀၈ ခုနှစ် မေလတွင် မြန်မာ့သမိုင်း၌ အဆိုးရွားဆုံး သဘာဝဘေးအန္တရာယ်ဖြစ်သည့် နာဂစ်မုန်တိုင်းဝင်ရောက် တိုက်ခတ်ခြင်းနှင့်အတူ မိမိမွေးရပ်ဒေသဖြစ်သော ဧရာဝတီတိုင်းဒေသကြီးတွင် ကြီးမားသည့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ပါသည်။ လူထောင်ပေါင်းများစွာ အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးပျက်စီးခဲ့ရပါသည်။ မိမိအနေဖြင့် နာဂစ်မုန်တိုင်း ကူညီကယ်ဆယ်ရေးလုပ်ငန်းများ တစ်နှစ်ကြာအထိ ကိုယ်တိုင်ကိုယ်ကျ သွားရောက်လုပ်ကိုင်ခဲ့ရာ လူ့အသက်ပေါင်းများစွာ ပျက်စီးဆုံးရှုံးမှုကို မျက်ဝါးထင်ထင် မြင်တွေ့ခဲ့ရပါသည်။ ထို့ကြောင့် တိုတောင်းလှသည့် လူ့ဘ၀တွင် အများအကျိုးအတွက် မိမိနိုင်ငံသားများအတွက် ဘက်ပေါင်းစုံမှ စနစ်တကျ ပိုမိုကူညီပံ့ပိုးပေးနိုင်ရန်အတွက် ဧရာဝတီဖောင်ဒေးရှင်းကို စတင်တည်ထောင်ဖြစ်ခဲ့ပါသည်။

စတင်တည်ထောင်ချိန်မှစ၍ ပညာရေး၊ ကျန်းမာရေး၊ လူငယ်နှင့်အားကစား တိုးတက်ရေးလုပ်ငန်းစဉ်များအပါအဝင် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးကဏ္ဍများကိုပါ အင်တိုက်အားတိုက် ကြိုးစားလုပ်ဆောင်ခဲ့ပါသည်။ ၂၀၁၅ ခုနှစ်တွင် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ရှိသော စီးပွားရေးလုပ်ငန်းများ ပိုမိုပေါ်ပေါက်လာစေရန် ရည်ရွယ်၍ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ အသိပညာပေးရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်ခဲ့ပါသည်။

မိမိတို့ ဧရာဝတီဖောင်ဒေးရှင်းအနေဖြင့် ပြည်သူအားလုံးက လိုလားတောင့်တသည့် ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်ရေးလုပ်ငန်းစဉ်တွင် တစ်ဖက်တစ်လမ်းမှ ပူးပေါင်းပါဝင်ပြီး နိုင်ငံ၏ဂုဏ်သိက္ခာနှင့် လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားလာစေရန်အတွက် လူမှုရေးအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အစိုးရအဖွဲ့အစည်းများနှင့် လက်တွဲကာ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**Zaw Zaw**
**Chairman/Founder**

# HISTORY

Max Myanmar Group of Companies was established since 1993 and owned by Myanmar Citizen starting from the date, was very much involved energetically in State building activities and also actively taking part in Social, Education, Health and Sports activities by supporting and donating for the benefit of our country and our people.

Max Myanmar Group of Companies is still actively supporting in Development of Myanmar during its (25) years time and giving back its best for the gratitude of the country, at the same time very much involved in uplifting the people's need such as food, clothing and shelter conditions and if opportunities arise, supporting and donating funds and labors in the field of well adapted Health and Religious matters will be continuously carried out in the future.

Max Myanmar Group of Companies is donating in the country's priorities such as Education sector from Basic Elementary level to Universities, Collages level throughout the country and constructing and donating some Hospitals and Dispensaries in Health sector. During 2008, when the cyclone Nargis, the worst disaster encountered in Myanmar's History, hit the Ayeyarwady Division, Latputa District, right after the aftermath, the foundation started its operations by supporting and donating lifesaving materials, supporting the victims and their families in their rehabilitation efforts such as their sanitation and health. The Ayeyarwady Foundation has consistently supported and invested millions of Kyats in order to rehabilitate the victims of the cyclone Nargis to be able to get them back to their daily lives.

The Ayeyarwady Foundation has also contributed in the religious sector by building, renovating, constructing religious structures, museums and Archives buildings in Ayeyarwady Region and Nay Pyi Taw Region.

Furthermore, in the sector for the development of social activities, the Ayeyarwady Foundation has constructed, renovated and transferred ownership of the office building of the Ministry of Mines to the Ministry of Health, a (550) bedded Yankin Childrens' Hospital worth 9 Billion Kyats situated in Yankin Township in Yangon Region. The Foundation is still active in supporting free medical treatments to the under privileged children and providing logistical supports till date to the upkeep of the said hospital.

## သမိုင်းကြောင်း

" အကူအညီ အလိုအပ်ဆုံးနေရာတွေ၊ ကျွန်တော်တို့ဘက်က အကောင်းဆုံးလုပ်ပေးနိုင်မယ့် နည်းလမ်းတွေအပေါ်မှာ ကျွန်တော်တို့ အလေးအနက် အာရုံစိုက်ထားပါတယ် "

မက်စ်မြန်မာ ကုမ္ပဏီအုပ်စုကို ၁၉၉၃ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပါသည်။ မြန်မာနိုင်ငံသားပိုင် ကုမ္ပဏီဖြစ်ပြီး စတင်တည်ထောင်ချိန်မှစ၍ ကျွန်ုပ်တို့နိုင်ငံနှင့် လူမျိုးအကျိုးအတွက် ထောက်ပံ့လှူဒါန်းမှုများ ပြုလုပ်ခြင်းအားဖြင့် နိုင်ငံတည်ဆောက်ရေးလုပ်ငန်းစဉ်များတွင်သာမက လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အားကစားလုပ်ငန်းစဉ်များတွင်ပါ တက်ကြွစွာပါဝင်ခဲ့ပါသည်။

နှစ်ပေါင်း(၂၅)ကျော် သက်တမ်းကာလအတွင်း မက်စ်မြန်မာကုမ္ပဏီသည် မြန်မာနိုင်ငံဖွံ့ဖြိုး တိုးတက်ရေးအတွ က် တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့ပြီး မြန်မာနိုင်ငံ၏ကျေးဇူးကို အကောင်းဆုံး ပြန်လည်ပေးဆပ်နိုင်ခဲ့ပါသည်။ တစ်ချိန်တည်းမှာပင် ပြည်သူတို့၏ လိုအပ်ချက်များ ဖြစ်သည့် စားဝတ်နေရေးစသည့် ကိစ္စရပ်များကိုလည်း ကူညီဖြည့်ဆည်းပေးလျက် ရှိပါသည်။ အခွင့်အရေးကြုံလာပါက အနာဂတ်ကာလ၌ ကျန်းမာရေးနှင့် ဘာသာရေးနယ်ပယ်များတွင် သင့်လျော်သည့်အခြေအနေများဝယ် ရန်ပုံငွေများနှင့် လုပ်အားများကိုထောက်ပံ့လှူဒါန်းသွားမည် ဖြစ်ပါသည်။

မက်စ်မြန်မာကုမ္ပဏီအုပ်စုသည် နိုင်ငံ၏ အဓိကဦးစားပေးနယ်ပယ်များအတွက် လှူဒါန်းထောက်ပံ့မှုများ ပြုလုပ်လျက် ရှိပါသည်။ ဥပမာအားဖြင့် ပညာရေး နယ်ပယ်တွင် နိုင်ငံတစ်ဝှမ်းလုံး၌ အခြေခံပညာ အဆင့် ကျောင်းများမှ တက္ကသိုလ်ကောလိပ်အဆင့်ထိအတွက် လှူဒါန်းမှုများ ပြုလုပ်ခြင်း၊ ကျန်းမာရေးနယ်ပယ်တွင် ဆေးရုံများ၊ ဆေးပေးခန်းများ ဆောက်လုပ်ခြင်း၊ လှူဒါန်းခြင်းများ ပြုလုပ်ခဲ့သည်။ ၂၀၀၈ ခုနှစ်တွင် မြန်မာ့သမိုင်းတစ်လျှောက် အဆိုးရွားဆုံး သဘာဝဘေးအန္တရာယ်ဖြစ်သည့် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းကြီးသည် ရောဝတီတိုင်း၊ လပွတ္တာမြို့နယ်သို့ ဝင်ရောက်တိုက်ခတ်ခဲ့ရာ ဖောင်ဒေးရှင်းမှ မုန်တိုင်းဘေးသင့် ပြည်သူများအတွက် အသက်ကယ်ပစ္စည်းကိရိယာများ လှူဒါန်းခြင်း၊ ကျန်းမာရေးနှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးသုံး ပစ္စည်းများ ထောက်ပံ့ခြင်းတို့ဖြင့် ဘေးဒဏ်သင့်ပြည်သူများနှင့် ၎င်းတို့၏ မိသားစုဝင်များအား ပြန်လည်နေရာချထားရေးအတွက် အားထုတ်ကြိုးပမ်းခဲ့သည်။ ရောဝတီ ဖောင်ဒေးရှင်းသည် နာဂစ်မုန်တိုင်းဒဏ်သင့် ပြည်သူများအား ပြန်လည်နေရာချထားရေးနှင့် ၎င်းတို့၏ မူလအခြေအနေအတိုင်း ဆက်လက်နေထိုင် သွားနိုင်ရေးအတွက် စဉ်ဆက်မပြတ် လှူဒါန်းခြင်း၊ ကျပ်သန်းပေါင်းများစွာကို အသုံးပြုအကုန်ကျခံကာ ထောက်ပံ့ခြင်းများ ပြုလုပ်ခဲ့သည်။

ရောဝတီဖောင်ဒေးရှင်းသည် ဘာသာရေးကဏ္ဍတွင်လည်း ရောဝတီနှင့် နေပြည်တော်ဒေသများတွင် ဘာသာရေးအဆောက်အအုံများ၊ ပြတိုက်များ ဆောက်လုပ်ခြင်း၊ ပြန်လည်မွမ်းမံခြင်း၊ သမိုင်းဝင် အဆောက်အအုံများအား ပြန်လည်မွမ်းမံပြင်ဆင်ခြင်းတို့ကို ပြုလုပ်ခဲ့ပါသည်။

ထို့ပြင် လူမှုရေးကဏ္ဍအတွက်လည်း ရန်ကုန်တိုင်း ရန်ကင်းမြို့နယ်မှ ယခင်သတ္တုတွင်းဝန်ကြီးဌာန အဆောက်အအုံအား ကုတင် (၅၅၀) လုံးပါ ရန်ကင်းကလေးဆေးရုံအဖြစ် ပြင်ဆင်တည်ဆောက်ပြီး ကျန်းမာရေးဝန်ကြီးဌာနပိုင် အဆောက်အဦးအဖြစ် ပြောင်းလဲနိုင်ခဲ့ပါသည်။ ဖောင်ဒေးရှင်းသည် လက်ရှိအချိန်ထိ အဆိုပါဆေးရုံအတွက် ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းများတွင် ပံ့ပိုးကူညီနေပြီး ချို့တဲ့နွမ်းပါးကလေးငယ်များအတွက်လည်း ဆေးဝါးများ အခမဲ့ လှူဒါန်းလျက် ရှိပါသည်။

“We are focused on the areas of greatest need, on the ways in which we can do the most good.”

# VISION & MISSION

## VISION

Enlightening people’s lives through corporate responsible activities and sustainable solutions.

## MISSION

To implement Corporate Social Responsibility activities dynamically and effectively in Health, Education, Youth Development and Sports, Disaster Management and Responsible business practices.

To live up to our responsibilities to serve and enhance the communities in which we work and live and the society on which we depend.

## မျှော်မှန်းချက်


လုပ်ငန်း၏ လူမှုတာဝန်ထမ်းဆောင်မှုများနှင့် ရေရှည်အထောက်အပံ့များ။ အခက်အခဲများကို ဖြေရှင်းပေးနေမှုများဖြင့် လူအများ၏ ဘဝတိုးတက်ကောင်းမွန်လာစေရန်

## ရည်မှန်းချက်

ကျန်းမာရေး၊ ပညာရေး၊ လူငယ်ဖွံ့ဖြိုးရေးနှင့် အားကစား၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုများ၊ တာဝန်ကျေပွန်သော လုပ်ငန်းကျင့်သုံးလုပ်ကိုင်မှုများ စသည့်ကဏ္ဍများတွင် လုပ်ငန်း၏ လူမှုတာဝန်ထမ်းဆောင်မှုများကို ထိရောက်အကျိုးရှိစွာ အကောင်အထည်ဖော်နိုင်ရန်

ကျွန်ုပ်တို့ နေထိုင်အလုပ်လုပ်ကိုင်သည့် ဒေသပတ်ဝန်းကျင်နှင့် မှီခိုအားထားရာ လူ့အဖွဲ့အစည်းကို မြှင့်တင်ဖြည့်ဆည်းပေးရမည့် တာဝန်ဝတ္တရားရှိသည့်အတိုင်း နေထိုင်ကျင့်သုံးသွားရန်။

# CORPORATE STRUCTURE



# EXECUTIVE LEADERSHIP TEAM



## U Zaw Zaw
**Founder and Chairman**

U Zaw Zaw is the founder and chairman of Ayeyarwady Foundation. In 2010, he established the Ayeyarwady Foundation which operates across the states and regions of Myanmar. U Zaw Zaw manages the Foundation's humanitarian work to promote social and living standards of the community. He contributes to the society and helping the people who are in need. He has been donating to a variety of philanthropic causes and carrying out numerous social responsibility activities.

U Zaw Zaw is a 1988 graduate of The University of Yangon. He started Max Myanmar Company in 1995, which is now known as Max Myanmar Holding Co., Ltd with diverse field of businesses in energy, banking, insurance, construction, hotels, agriculture, manufacturing, highway & tolls and trade. He is also the founder and Executive Chairman of Ayeyarwady Bank, a role that he held since the inception of the Bank in 2010. He is also the Chairman of the Myanmar Football Federation ("MFF") since 2005.

## Professor Dr. Aung  Tun Thet
**Trustee**



Prof. Dr. Aung Tun Thet is the trustee of Ayeyarwady Foundation. He oversees activities of Ayeyarwady Foundation in business, education and social sectors.

Prof. Dr. Aung Tun Thet is a distinguished international and national civil servant who has served in the United Nations as well as the Myanmar Civil Service. He is also an advisor for the Government sector, for the business community and the civil society. Added to that, Prof. Aung Tun Thet is a visiting Professor, to Yangon Institute of Economics; Yangon University; National Defence College.

Prof. Dr. AungTunThet has a Bachelor of Commerce (Yangon) & a Post-graduate Diploma in Management Studies (Brighton), M.Sc. Operations Research from University of Warwick and a Ph.D. in Management Sciences from University of Manchester.  Prof.Dr. Aung Tun Thet is also a Post-doctoral Fellow from University of Marburg.



## Rector Professor Dr. Zaw Wai Soe
**Trustee**

Prof. Dr. Zaw Wai Soe is a foundation trustee, helping to shape the vision of Ayeyarwady Foundation. He develops strategies mainly for Healthcare Sectors in order to promote health and wellbeing of local communities.

Prof. Dr. Zaw Wai Soe is currently the rector of University of Medicine (1), Yangon. He is a senior consultant and associate Professor at Yangon General Hospital. He is also a general secretary of Orthopedic Society of Myanmar Medical Association.

Prof. Dr. Zaw Wai Soe is a MBBS graduate of University of Medicine (Yangon) in 1986, M.Med.Sc (Ortho) graduate in 1995 and Dr.Med.Sc (Ortho) in 2005. Prof. Dr. Zaw Wai Soe completed a Diploma in Medical Education in 2006.



## U Min Sein

**Consultant**

U Mein Sein is an accomplished lawyer who is an Advocate of the Supreme Court and a Certified Public Accountant and has been practicing law since 1972. He is the Managing Partner of U Min Sein Law Firm (Yangon), a member of Asia Law Alliance, in association with Christopher Bridges (Singapore). Within his illustrious Curriculum Vitae, he has served as legal advisor to the Italian Thai Public Company, the Embassy of the Republic of France, World Vision, Myanmar Brewery Company Limited, Toyota Tsusho Company Limited, and as a legal and financial advisor to The Myanmar Times since 1997. U Min Sein is also currently a Director with The Myanmar Consolidated Media Company Limited (The Myanmar Times). He is also a member of the Australia Myanmar Chamber of Commerce, a member of West Indochina Consultants, and an associate with Strohal Associates.

As part of his contribution to the society, U Min Sein has been serving as a lecturer in Commercial Law at the Auditor General's Office for twenty years. He is a Founding Member and Management Committee Member of U Hla Tun Hospice, a charitable organization in Yangon.



## Dr. Tin Latt

**Consultant**

Dr. Tin Latt is a FCCA, ACMA and CPA-qualified accountant with more than 18 years of professional experience, He is also the owner and the Managing Director of Management & Accountancy Training Limited, which provides professional and vocational training courses in conjunction with international Professional Accountancy bodies such as ACCA and CIMA, and the Managing Partner of MAT Audit and Professional Services.

Dr. Tin Latt is a Certified Public Accountant of Myanmar and Chartered Accountant of Singapore and has completed many international professional services engagement in co-operation with Ernst & Young LLP Singapore. Dr. Tin Latt has been working as a visiting lecturer for CPA classes at the Myanmar Accountancy Council and is also a Central Executive Committee member of the Myanmar Institute of Certified Public Accountants.



## U Moe Aung Chaw

**COO (Operation)**

U Moe Aung Chaw is appointed as a Chief Operation Officer of Ayeyarwady Foundation and is currently working as Managing Director of Max Myanmar Holding Company Limited. He graduated with a BA from Defense Services Academy in 1986. U Moe Aung Chaw joined Max Myanmar as General Manager of Kalaywa Coalmine in 2010 and then he was assigned together as GM for Max Highway Co., Ltd. During late 2011s, he was promoted to the Director level of Max Highway. After years, he was assigned as Managing Director for Administration of Max Myanmar Group and Max Highway. With his passion for delivering services, during September 2015, U Moe Aung Chaw was assigned the Managing Director for Max Myanmar Holding Co., Ltd.

## Daw May Myat Thu

**COO (Admin & PR)**



May Myat Thu is currently the Deputy Managing Director in AYA Bank, overseeing the Human Resource Department and Corporate Affairs Departments. She has been with the bank since May 2012 after returning from Singapore. May initiated the Bank's membership to United Nations Global Compact and has been an active steering person for AYA Financial Group's CSR activities. May Myat Thu holds a Bachelor of Science (Hons) degree, majoring in Economics and Management, awarded by the London School of Economics and Political Science. May Myat Thu brings along with her a vast experience in Customer Service, having had worked in both the airline and the education industries.



## U Aung Myo Saw

**General Secretary**

U Aung Myo Saw is appointed as the General Secretary at Ayeyarwady Foundation as well as a current role as Director of Corporate Office of Max Myanmar Holdings Co. Ltd. He served in various positions and postings in the Ministry of Foreign Affairs of the Republic of the Union of Myanmar before joining Max Myanmar Holdings Co. Ltd. in 2012 and current position at Ayeyarwady Foundation.

U Aung Myo Saw graduated with a Bachelor Degree of Arts in English Literature from Yangon University and obtained his Masters Degree in International Relations and Administrative Policy from Hitotsubashi University, Tokyo, Japan. He deals mainly with relations regarding foreign investments and international communications at Max Myanmar Holdings and concurrently oversees the smooth operation of administrative matters as well as logistics matters at the current post as a General Secretary at Ayeyarwady Foundation.

## Daw Nu Nu Wai

**CFO**



Daw Nu Nu Wai is appointed as the Chief Financial Officer (Finance and Accouting) at Ayeyarwady Foundation as well as a current role as CFO & CCO in Max Energy Co. Ltd. She has cumulative 13 years of experience in Accounting and Finance including 8 years in Singapore and 5 years in Myanmar. She served as Senior Finance Executive in Global Yellow Pages Ltd (SGX listed company) for 3 years before joining Max Myanmar Holdings Co., Ltd in 2014 and current position at Ayeyarwady Foundation. Daw Nu Nu Wai is fully qualified accountant who has the experience in the field of financial management, reporting, taxation and auditing.

Daw Nu Nu Wai graduated with a Bachelor Degree of Arts in Business Management from Mandalay University and studied ACCA in Yangon and Singapore. She deals mainly group investment, financial and accounting matters at Max Energy and concurrently oversees the finance matters at Ayeyarwady Foundation.



# HEALTH SECTOR

# HEALTH SECTOR






According to the words of the wise "Health is Wealth", good health is the prerequisite for the well-being of the body. Needless to say that with good health in body and mind, the citizens of the country will be able to contribute their best to the religious, political, educational, economic and social sectors so that the country can prosper. In order to achieve these goals, Ayeyarwady Foundation is donating medical funds, supporting medical aids and medical assistance to impoverished people and building medical facilities and donating ambulances across the country.

Ayeyarwady Foundation has implemented a number of hospitals, bearing in mind the development of the country as the paramount importance.

- Construction and renovation of the old buildings and installation of the medical equipment and related facilities for 550 bedded capacity Paediatric Hospital at Yankin.
- Construction of the General Hospital at Phyu.
- Construction of the General Hospital at Kyaungkon.
- Ambulance truck was donated to Latputta General Hospital.

# usefrma&;u@

"ကျန်းမာခြင်းသည် ချမ်းသာခြင်းဖြစ်သည်"ဟု ပညာရှိတို့ ဆိုကြသည့်အတိုင်း ကောင်းမွန်သောကျန်းမာရေးသည် ပျော်ရွှင်ကြံ့ခိုင်သော ခန္ဓာကိုယ်အတွက် မရှိမဖြစ် လိုအပ်ပေသည်။ နိုင်ငံသားတို့၏ ကိုယ်စိတ်နှစ်ပါး ကျန်းမာပါက နိုင်ငံ၏ ဘာသာရေး၊ နိုင်ငံရေး၊ ပညာရေး၊ စီးပွားရေးနှင့် လူမှုရေးများတွင် ပိုမိုပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး နိုင်ငံတစ်ရပ်လုံး ပိုမိုတိုးတက်ဖြစ်ထွန်းလာမည်မှာ အထူးပြောစရာမလိုပေ။ အဆိုပါ ရည်မှန်းချက်များကို အကောင်အထည် ဖော်နိုင်ရန်အတွက် ဧရာဝတီဖောင်ဒေးရှင်းအနေဖြင့် ဆေးဘက်ဆိုင်ရာ ရန်ပုံငွေများ၊ အထောက်အကူပစ္စည်းများ၊ ဆေးဘက်ဆိုင်ရာ အကူအညီများကို ငွေကြေးချို့ငဲ့သူများအတွက် လှူဒါန်းလျက်ရှိပြီး နိုင်ငံအနှံ့သို့ လူနာတင်ယာဉ်များ လှူဒါန်းလျက် ရှိပါသည်။

နိုင်ငံဖွံ့ဖြိုးရေးကို အရေးအကြီးဆုံးအဖြစ် မှတ်ယူထားသည့် အလျောက် ဧရာဝတီဖောင်ဒေးရှင်းသည် ဆေးရုံများကို အောက်ပါအတိုင်း ပမာဏ အတိုင်းအတာတစ်ခုအထိ ဆောက်လုပ် အကောင်အထည်ဖော်နိုင်ခဲ့ပြီး ဖြစ်သည်။

- ရန်ကင်းရှိ ကုတင် ၅၅၀ ဆန့် ကလေးဆေးရုံတွင် အဆောက်အအုံဟောင်းများ ပြန်လည်ပြုပြင်ခြင်းနှင့် ပြန်လည်တည်ဆောက်ခြင်း၊ ဆေးဘက်ဆိုင်ရာ အသုံးအဆောင်ပစ္စည်းများနှင့် လိုအပ်သော ကျန်းမာရေး ဝန်ဆောင်မှုများ တိုးချဲ့ဖြည့်ဆည်းပေးခြင်း၊
- ဖြူးမြို့တွင် အထွေထွေဆေးရုံ ဆောက်လုပ်ခြင်း၊
- ကျောင်းကုန်းတွင် အထွေထွေဆေးရုံဆောက်လုပ်ခြင်း၊
- လပွတ္တာအထွေထွေဆေးရုံကြီးသို့ လူနာတင် ထရပ်ကား လှူဒါန်းခြင်း။




## Donation of 550 Capacity Paediatric Hospital, Yangon

Ayeyarwady Foundation constructed and renovated the former office of the Ministry of Mining offices and other auxiliary buildings, which is located at No. (90), Thitsa Road (Kanbe), Yankin Township, to give birth a 550 bedded Paediatric Hospital. To transform these buildings into a hospital, our people constructed and renovated the existing buildings, installed hospital equipment, furniture and lifts as needed, on behalf of Ayeyarwady Foundation.

Furthermore, residences and quarters for Medical Superintendents (MS), Assistant Medical Officers (AMO's) and nurses, have been renovated and constructed.

## Cost Estimates

Total estimated cost of construction amounts to over Kyat 9 billion.

## Construction Period

Construction period was 13 months from February, 2010 to March, 2011.

## Location and Area

The new and modern Paediatric Hospital is located at No. (90), Thitsa Road (Kanbe), Yankin Township having an area of 9.5 acres. Total floor area of building is 268046 square feet.

## ကုတင် ၅၅၀ ဆန့် ကလေးဆေးရုံကို ရန်ကုန်မြို့တွင် ဆောက်လုပ်လှူဒါန်းခြင်း

အမှတ်(၉၀)၊ သစ္စာလမ်း(ကန်ဘဲ့)၊ ရန်ကင်းမြို့နယ်ရှိ ယခင် သတ္တုတွင်းဝန်ကြီးဌာနကို ဧရာဝတီဖောင်ဒေးရှင်းမှ တာဝန်ယူပြုပြင်ပြီး ကုတင် (၅၅၀) ဆန့် ကလေးဆေးရုံအဖြစ် အသစ်ပြန်လည်ဆောက်လုပ်ခဲ့သည်။ ယင်း အဆောက်အအုံဟောင်းအား ဆေးရုံအဖြစ်ပြောင်းလဲရာတွင် ဧရာဝတီဖောင်ဒေးရှင်းကိုယ်စား မက်စ်မြန်မာကုမ္ပဏီအုပ်စုမှ အဆောက်အအုံများကို ပြင်ဆင်ခြင်း၊ အသစ်တိုးချဲ့ဆောက်လုပ်ခြင်း၊ ဆေးရုံသုံးပစ္စည်းများ၊ ပရိဘောဂများကို လိုအပ်သလို တပ်ဆင်ထားရှိခြင်းများ ပြုလုပ်ခဲ့ပါသည်။ ဆက်လက်၍လည်း ကျန်းမာရေး ညွှန်ကြားရေးမှူး (MS) များ ၊ လက်ထောက်ကျန်းမာရေးအရာရှိ (AMO's) များ၊ သူနာပြုများအတွက် နေထိုင်ရန်အခန်းများ၊ နေရာထိုင်ခင်းများကိုလည်း တိုးချဲ့ဆောက်လုပ်ခဲ့ပါသည်။

## ကုန်ကျစရိတ်ခန့်မှန်းချက်

ဆောက်လုပ်ရေးစရိတ်မှာ စုစုပေါင်း ငွေကျပ် ၉ ဘီလီယံကျော် ဖြစ်သည်ဟု ခန့်မှန်းသိရှိရပါသည်။

## ဆောက်လုပ်သည့် ကာလ

ဆောက်လုပ်သည့်ကာလမှာ ဖေဖော်ဝါရီ ၂၀၁၀ မှ မတ်လ ၂၀၁၁ အထိ စုစုပေါင်း (၁၃)လ ဖြစ်ပါသည်။

## တည်နေရာနှင့် အကျယ်အဝန်း

ကလေးဆေးရုံသစ်၏ တည်နေရာမှာ အမှတ်(၉၀) ၊ သစ္စာလမ်း (ကန်ဘဲ့)၊ ရန်ကင်းမြို့နယ်တွင်ဖြစ်ပြီး ဧရိယာအားဖြင့် ၉.၅ ဧက ကျယ်ဝန်းသည်။ အဆောက်အအုံ၏ ကြမ်းခင်းဧရိယာမှာ စုစုပေါင်း ၂၆၈၀၄၆ စတုရန်းပေ ဖြစ်ပါသည်။

## Implementations and Contributions to FIFA 11 for Health programme






U Zaw Zaw, the chairman of Ayeyarwady Foundation, has played a pivotal role in implementing the FIFA 11 for Health Programme in Myanmar and for the first time ever for a country in Asia Region. He has successfully initiated and implemented the country-wide programme into a success. This programme introduces health though football to children of schooling age across the country and Chairman has been very active and keen in promoting the programme to be effective in uplifting the social and health sector of the younger generation of the country.

## ကျန်းမာရေး အစီအစဉ်တစ်ရပ်ဖြင့် FIFA'S11 တွင် ပါဝင်အားဖြည့် ဆောင်ရွက်ခြင်း

FIFA 11 နှင့် အညီ ကျန်းမာရေး အစီအစဉ်တစ်ရပ်ကို အာရှဒေသအတွင်းမှ ပထမဦးဆုံးနိုင်ငံအဖြစ် မြန်မာနိုင်ငံတွင် စတင် အကောင်အထည်ဖော်ခဲ့ရာ ဧရာဝတီဖောင်ဒေးရှင်း ဥက္ကဋ္ဌဦးဇော်ဇော်မှ အထူးအရေးပါသည့် အခန်းကဏ္ဍမှ တာဝန်ယူဆောင်ရွက်ခဲ့သည်။ နိုင်ငံအနှံ့အောင်မြင်သည့် အစီအစဉ်ကို အစပြုနိုင်ခဲ့သလို အောင်မြင်သည့် ရလဒ်များကိုလည်း ဖန်တီးနိုင်ခဲ့ပါသည်။ ယင်းအစီအစဉ်သည် နိုင်ငံအနှံ့ရှိ ကျောင်းနေအရွယ်ကလေးများကို ဘောလုံး အားကစားမှတစ်ဆင့် ကျန်းမာရေးအသိပညာများ ဖြန့်ဖြူးပေးဝေနိုင်ခဲ့ပြီး ဥက္ကဋ္ဌသည်လည်း နိုင်ငံ့မျိုးဆက်သစ်လူငယ်များ၏ လူမှုရေးနှင့် ကျန်းမာရေးကဏ္ဍများအား ထိရောက်စွာ မြှင့်တင်နိုင်သည့် အစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် အထူးပင် စိတ်အားထက်သန်လျက် ရှိပါသည်။






# EDUCATION SECTOR



# EDUCATION SECTOR





Education Sector plays an important role for the long-term sustainable development of our country. Ayeyarwady Foundation is working for this sector within an intention to participate in the building of the nation.

Company has contributed to the Education Department by constructing Basic Education High Schools (B.E.H.S) for Pyay and Yekyi Townships and over ten Basic Education Primary (B.E.P.S) for various townships across Myanmar.

## ynma&;u@

နိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးသည် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်လျက် ရှိပါသည်။ နိုင်ငံတည်ဆောက်ရေးအတွက် တတ်အားသရွေ့ အထောက်အကူပြုလိုသည့် ရည်ရွယ်ချက်ဖြင့် ဧရာဝတီဖောင်ဒေးရှင်းသည် ပညာရေးနယ်ပယ်တွင်လည်း ပါဝင်ဆောက်ရွက်လျက် ရှိပါသည်။ လက်ရှိအချိန်တွင် အခြေခံပညာ အထက်တန်းကျောင်း (အ.ထ.က) များကို ပြည်နှင့် ရေကြည်မြို့နယ်များတွင် တည်ဆောက်ခြင်း၊ နိုင်ငံတစ်ဝန်းရှိ မြို့နယ်အများအပြားတွင် အခြေခံပညာ မူလတန်းကျောင်း (အ.မ.က) ကျောင်း (၁၀) ကျောင်းကျော် တည်ဆောက်ခြင်းတို့ဖြင့် ပညာရေးဌာနအား ပါဝင်ကူညီအားဖြည့်ခဲ့ပြီး ဖြစ်ပါသည်။





# YOUTH DEVELOPMENT AND SPORT PROGRAM



# YOUTH DEVELOPMENT AND SPORT PROGRAM





Ayeyarwady Foundation is no less enthusiastic in Youth Development and Sport Program than other sectors. For the overall development of youth and physical fitness of Myanmar People, U Zaw Zaw had contributed financially and kind for the accelerated growth of Tennis Federation of Myanmar (TFM) after he was appointed as the Chairman of the Tennis Federation of Myanmar in 2002.

Similarly, he has been contributing Myanmar Selected Football Team since 1995 when he was appointed as the Chairman of Myanmar Football Federation in 2005 and till now, he has been achieving a tremendous progress in football. He also emphasized for the development of youth football. Myanmar Football Federation, in coordination and collaboration with Ministry of Basic Education participated in organizing basic football training course in Basic Education Schools, youth football competitors and Grass Roots Programs. Foundation has been donating and contributing whenever and wherever necessary in the remaining sectors of sports since its inception. Yangon and Mandalay Football Academy have been established with the intention to promote the football education, techniques and training.

## လူငယ်ဖွံ့ဖြိုးရေးနှင့် အားကစားအစီအစဉ်

ဧရာဝတီဖောင်ဒေးရှင်းသည် အခြားကဏ္ဍများနည်းတူ လူငယ်ဖွံ့ဖြိုးရေးနှင့် အားကစားကဏ္ဍအတွက်လည်း ပါဝင်ကူညီရန် စိတ်အားထက်သန်လျက်ရှိပါသည်။ မြန်မာပြည်သူများ၏ လူငယ်ရေးရာနှင့် ကိုယ်လက်ကျန်းမာရေးကဏ္ဍများတွင် အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဦးဇော်ဇော်မှ ၂၀၀၂ ခုနှစ်တွင် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် (TFM)၏ ဥက္ကဋ္ဌရာထူး ခန့်အပ်ခံရချိန်မှစကာ ငွေကြေးအထောက်အပံ့များဖြင့် မြန်မာ့တင်းနစ်အဖွဲ့ချုပ် ပိုမိုတိုးတက်လာစေရေးအတွက် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ခဲ့သည်။

ဦးဇော်ဇော်သည် ၁၉၉၅ ခုနှစ်မှ စတင်ကာ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းအတွက် အထောက်အပံ့ပေးခဲ့သည်။ ၂၀၀၅ ခုနှစ်တွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌအဖြစ် ခန့်အပ်ခံရချိန်မှစ၍ လက်ရှိအချိန်အထိ ဘောလုံးအားကစားနယ်ပယ်တွင် အံ့အားသင့်ဖွယ်ပြောင်းလဲမှုများကို ဖန်တီးဖော်ဆောင်နိုင်ခဲ့သည်။ ဦးဇော်ဇော်သည် လူငယ်ဘောလုံး အားကစားပွဲများအတွက်လည်း အလေးပေး အာရုံစိုက်ခဲ့သည်။ အခြေခံပညာဝန်ကြီးဌာနနှင့် ပူးပေါင်း၍ အခြေခံပညာကျောင်းများတွင် လူငယ်ဘောလုံးသင်တန်းများ ပို့ချစေပြီး လူငယ်ဘောလုံးပြိုင်ပွဲဝင်ကစားသမားများနှင့် အခြေခံအဆင့် ပြိုင်ပွဲအစီအစဉ်များကို ဖန်တီးနိုင်ခဲ့သည်။ စတင်ဖွဲ့စည်းချိန်မှစ၍ ဧရာဝတီဖောင်ဒေးရှင်းသည် ကျန်ရှိသောအားကစားများအတွက်ကိုပါ အချိန်မရွေး၊ နေရာမရွေး လိုအပ်သော ပံ့ပိုးကူညီမှုများ ပေးအပ်လျက်ရှိပါသည်။ ဘောလုံးအားကစား အတတ်ပညာနှင့် နည်းစနစ်များ၊ လေ့ကျင့်သင်ကြားမှုများအတွက် ရန်ကုန်နှင့် မန္တလေးတွင် ဘောလုံးအားကစား သင်တန်းကျောင်းများ ဖွင့်လှစ်ထားပြီး ဖြစ်ပါသည်။



Ayeyarwady Foundation has consistency supported Myanmar Football Federation to organize Grassroot Football Festival for young students. The first MFF AYA Bank Grassroot Football Festival was held on July 26, 2014 with 1200 students at Youth Training Centre and two nearly build artificial turfs donated by U Zaw Zaw. Ayeyarwady Foundation also donated an ambulance to MFF and gave amenities to all participants. MFF AYA football festival held six times in total during 2014, two hundred students from different regions participated in each event.



## အခြေခံ ဘောလုံးအားကစားပွဲတော်

ဧရာဝတီဖောင်ဒေးရှင်းသည် မြန်မာဘောလုံးအဖွဲ့ချုပ်အား အစဉ်တစိုက် ထောက်ပံ့လျက်ရှိပြီး ကျောင်းသားလူငယ်တို့အတွက် အခြေခံဘောလုံးအားကစားပွဲတော်ကို စတင်ကျင်းပခဲ့သည်။ ပထမဦးဆုံး MFF AYA ဘောလုံးအားကစားပွဲကို ဇူလိုင်လ ၂၆ ရက် ၂၀၁၄ ခုနှစ်တွင် လူငယ်လေ့ကျင့်ရေးဌာနတွင် ကျောင်းသားဦးရေ ၁၂၀၀ ဖြင့် စတင်ကျင်းပပြီး ဦးဇော်ဇော်မှ လှူဒါန်းသည့် ဆောက်လုပ်ပြီးစီးလုနီးနီး လူလုပ်မြက်ခင်းပြင်ဘောလုံးကွင်းများတွင် ယှဉ်ပြိုင်ကစားကြသည်။ ဧရာဝတီဖောင်ဒေးရှင်းမှ MFF သို့ လူနာတင်ယာဉ် တစ်စီးလှူဒါန်းပြီး ပါဝင်ကစားသူများအတွက် ဘောလုံးအစရှိသည်ဖြင့် လိုအပ်သောအထောက်အပံ့များ ပေးခဲ့သည်။ ၂၀၁၄ ခုနှစ်အတွင်း MFF AYA ဘောလုံးအားကစား ပွဲတော်ကို ၆ ကြိမ်တိုင်တိုင် ကျင်းပပြီး ပြိုင်ပွဲအစီအစဉ်တစ်ခုစီတွင် ဒေသအသီးသီးမှ ကျောင်းသား ၂၀၀ ခန့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။


မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်
ဧရာဝတီဖောင်ဒေးရှင်း မှ လှူဒါန်းပါသည်။

# RESPONSIBLE BUSINESS PRACTICE PROGRAM



# RESPONSIBLE BUSINESS PRACTICE PROGRAM





"Progress happens when smart, dedicated people translate good intentions into concrete realities."

In a rapidly changing and dynamic economy such as Myanmar, there are many different dimensions that business need to take into account when investing and subsequently developing a responsible and inclusive sustainable business strategy. As part of our commitment to social responsibility, Ayeyarwady Foundation also actively support our group-wide charity which is committed to helping religious sector and other supports for implementing transparent and responsible organizational CSR actions.

Ayeyarwady Foundation strongly believes that community and environmental responsibilities and activities are integral to sustainability of our group. With the mission of "Sharing and contributing the Community", the foundation as well as Max Myanmar Group provide a commitment to the community development in areas of financial, educational, charitable, cultural, community, and environmental causes in country and actively participate in the prevention, reconstruction, and rehabilitation of the community from the impacts of natural disasters. Ayeyarwady Foundation boosts an open, honest and continual relationship with local communities and works with local hospitals, dispensaries, Red-Cross, and other civic associations for providing health care services.

# vlwm0efodwf&So pD;yGm;a&;vkyfief;rsm;aqmif&Gufjcif;

" ထူးချွန်၍ အလုပ်အပေါ် စိတ်ရောကိုယ်ပါ မြှုပ်နှံထားသူများက ရည်ရွယ်ချက်ကောင်းများကို လက်တွေ့ အကောင်အထည်ဖော် ဖန်တီးလိုက်သောအခါ တိုးတက်မှုများ ဖြစ်ပွားလာရသည်"

မြန်မာနိုင်ငံကဲ့သို့ အလျင်အမြန်ပြောင်းလဲနေသော စီးပွားရေးစနစ်တွင် ရင်းနှီးမြှုပ်နှံခြင်းနှင့် ရေရှည်တည်တံ့၍ တာဝန်ကျေပွန်သော စီးပွားရေးလုပ်ငန်းမဟာဗျူဟာများ ချမှတ်ခြင်းတို့တွင် ထည့်သွင်းစဉ်းစားရမည့် အချက်များ အများအပြားရှိပါသည်။ လူမှုရေးတာဝန်များကို ထမ်းဆောင်သွားရန် ကတိကဝတ်ပြုထားသည့်အတိုင်း ဧရာဝတီဖောင်ဒေးရှင်းသည် ဘာသာရေးကဏ္ဍများအား ကူညီထောက်ပံ့ပေးခြင်းနှင့် ပွင့်လင်းမြင်သာ၍ တာဝန်ယူမှုအပြည့်ရှိသော အဖွဲ့အစည်းဆိုင်ရာ CSR လုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တက်ကြွစွာ ပါဝင်လျက်ရှိပါသည်။

ဒေသနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တာဝန်ဝတ္တရားများကို ထမ်းဆောင်ခြင်း၊ ယင်းနှင့်သက်ဆိုင်သည့် လုပ်ငန်းဆောင်တာများ ဆောင်ရွက်ခြင်းတို့မှာ အဖွဲ့အစည်း၏ ရေရှည်တိုးတက်မှုအတွက် အရေးကြီးသည်ဟု ဧရာဝတီဖောင်ဒေးရှင်းအနေဖြင့် အခိုင်အမာ ယုံကြည်ထားပါသည်။ "မျှဝေခြင်းနှင့် ဒေသအဖွဲ့အစည်းတိုးတက်ရေးအတွက် ပါဝင်ဆောင်ရွက်ခြင်း"ဟူသော ရည်မှန်းချက်ဖြင့် ဧရာဝတီဖောင်ဒေးရှင်းနှင့် မက်စ်မြန်မာကုမ္ပဏီသည် နိုင်ငံတွင်း ဘဏ္ဍာရေး၊ ပညာရေး၊ အလှူအတန်းပြုလုပ်ခြင်း၊ ယဉ်ကျေးမှု၊ ဒေသနှင့် သဘာဝပတ်ဝန်းကျင်စသည့် နယ်ပယ်များတိုးတက်ရေးအတွက် အလေးအနက်ထား ဆောင်ရွက်နေပြီး သဘာဝဘေးဒဏ်များမှ ကာကွယ်ခြင်း၊ သဘာဝဘေးကြောင့်ဖြစ်လာသော အပျက်အစီးများအား ပြန်လည်ပြင်ဆင်တည်ဆောက်ခြင်း၊ ပြန်လည်နေရာချထားခြင်းတို့တွင် တက်ကြွစွာ ပါဝင်လုပ်ကိုင်လျက် ရှိပါသည်။ ဧရာဝတီဖောင်ဒေးရှင်းသည် ဒေသခံများနှင့် ပွင့်လင်းရိုးသား၍ စဉ်ဆက်မပြတ်သော ဆက်ဆံရေး တစ်ခုကို မြှင့်တင်လျက်ရှိပြီး ဒေသခံဆေးရုံများ၊ ဆေးပေးခန်းများ၊ ကြက်ခြေနီများ ၊ အခြားအရပ်ဖက် အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများ ပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက် ရှိပါသည်။



## Community Engagement

For the community engagement, Max Myanmar also provides career development for employee, creation of job opportunities for the communities where the business operates, supporting young generations by creating part-time job program and so on. In addition, Max Myanmar generally invites local communities to participate in some of the training programs, such as fire-fighting and occupational health and safety. Further, Max Myanmar constantly prioritize not only for the people but also for the environment. Protection of the environment in which we live and operate is part of group's values and principles. Max Myanmar follows all relevant environmental legislation and regulations, prevents and minimizes pollution of land, air, and water. Max Myanmar also actively participate in workshop programs related to environment engagement and also in reforestation projects across the country.

## Donation for Religious Sector

Throughout the existence of Max Myanmar Group, since its inception in 1993, we have constructed religious buildings, donated and contributed in reverence and pious devotion to Buddhism. Highlights among these achievements include;

- Pitakut , Records and Museum Building in Naypyitaw at the lower precinct of Upata-Thandi, Pagoda.
- Novitiating 1,000 novices, which was highly appraised by the native residents and was a rare and tremendous achievement in Buddhism.
- Construction of Shwe Phone Pwint Pagoda having the height from the precinct to the diamond bud of 36 feet.
- Construction of Paw Taw Mu Pagoda at Ma U Bin as the old pagoda had been destroyed due to land slide on the river bank.

## ဒေသခံ လူ့အဖွဲ့အစည်းအတွက် အထောက်အကူပြုမှု

ဒေသခံ လူ့အဖွဲ့အစည်းအတွက်လည်း ဖောင်ဒေးရှင်းအနေဖြင့် ဝန်ထမ်းများအတွက် လုပ်ငန်းခွင်တိုးတက်မှု အခွင့်အလမ်းများပေးခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများပေးခြင်း၊ မျိုးဆက်သစ်များအတွက် အချိန်ပိုင်းအလုပ်များဖန်တီးပေးခြင်း စသည်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် ဒေသခံအသိုင်းအဝိုင်းများအား မက်စ်မြန်မာကုမ္ပဏီမှ ပေးပို့လျက်ရှိသော သင်တန်းအချို့ကို တက်ရောက်ရန် ဖိတ်ခေါ်လေ့ရှိပါသည်။ ဒေသခံပြည်သူများအတွက် ပါမက သဘာဝပတ်ဝန်းကျင်အတွက်ပါ ဦးစားပေးဆောင်ရွက်လျက် ရှိပါသည်။ ကျွန်ုပ်တို့သည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေထုတ်ပြန်ချက်များ၊ လုပ်ထုံးများအတိုင်းလိုက်နာပြီး မြေ၊လေနှင့် ရေတို့ ညစ်ညမ်းခြင်းကို ကာကွယ်နိုင်၊ လျှော့ချလျက်ရှိပြီး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ချိတ်ဆက်လုပ်ကိုင်မှုများနှင့် ဆက်နွယ်သည့် အလုပ်ရုံဆွေးနွေးမှုများ၊ နိုင်ငံအနှံ့ သစ်တော ပြန်လည်ဖွံ့ဖြိုးရေး စီမံကိန်းများတွင် တက်ကြွစွာ ပါဝင်လျက် ရှိပါသည်။

## ဘာသာရေးကဏ္ဍအတွက် လှူဒါန်းမှု

၁၉၉၃ တွင် စတင်တည်ထောင်သည့် အချိန်မှစ၍ မက်စ်မြန်မာကုမ္ပဏီလီမိတက်၏ သက်တမ်းတစ်လျှောက်လုံးတွင် ကျွန်ုပ်တို့သည် ဘာသာရေးအဆောက်အအုံများကို ဆောက်လုပ်ခြင်း၊ ဗုဒ္ဓဘာသာအပေါ် ကြည်ညိုလေးစားစွာ ယုံကြည် သက်ဝင်စွာလှူဒါန်းခြင်းများကို ပြုလုပ်ခဲ့သည်။ ယင်းအောင်မြင်မှုများအနက်မှ အဓိက ဖြစ်ရပ်များတွင် အောက်ပါတို့ ပါဝင်သည်။

- နေပြည်တော်ရှိ ဥပါဒသန္တိစေတီ၏ အောက်ဘက်ပရိဝုဏ်အတွင်း ပိဋကတ်၊ မှတ်တမ်းမှတ်ရာများနှင့် ပြတိုက်အဆောက်အအုံ လှူဒါန်းခြင်း၊
- ဒေသတွင်းနေ ပြည်သူများက အထူးလေးစား အသိအမှတ်ပြုကြပြီး ဗုဒ္ဓဘာသာသမိုင်းတွင် ရှားပါးထူးကဲသည့် အောင်မြင်မှုတစ်ရပ်ဖြစ်သော သံဃာတော် အပါး ၁,၀၀၀ ကို ရဟန်းခံပေးခြင်း၊
- စိန်ဖူးတော်ထိ အမြင့် ၃၆ ပေ ရှိ ရွှေဘုန်းပွင့်စေတီတော် တည်ခြင်း၊
- မြစ်ကမ်းပါးပြိုကျမှုကြောင့် ပျက်စီးသွားရသော မအူပင်မြို့မှ ပေါ်တော်မူစေတီကို အသစ်ပြင်ဆင်တည်ဆောက်ခြင်း၊





Ayeyarwady Foundation supported 50 lakhs for each Koh Tao murder suspects' mothers. Besides, Ayeyarwady Foundation took full responsibility for neck surgical treatment of one of the mothers.

ထိုင်းနိုင်ငံ၊ လိပ်ကျွန်းအမှုကြောင့် သေဒဏ်ချမှတ်ခံရသည့် မြန်မာနှစ်ဦး၏ မိခင်နှစ်ဦးကို တစ်ဦးလျှင် ငွေကျပ် သိန်း ၅၀ စီကို ဧရာဝတီဖောင်ဒေးရှင်းမှ လှူဒါန်းခဲ့ပါ သည်။ ထို့အပြင် ဝင်းဇော်ထွန်း၏ မိခင်ဖြစ်သူ လည်ပင်းခွဲစိတ်မည့် ကုန်ကျစရိတ်အားလုံးကိုလည်း တာဝန်ယူပေးခဲ့ပါသည်။




Ayeyarwady Foundation provided chartered flights for beleaguered Myanmar Citizens from Malaysia to return to home country.

မလေးရှားတွင် အကြမ်းဖက် တိုက်ခိုက်ခံရမှုများကြောင့် စိုးရိမ်ကြောင့်ကြနေသူများအား နေရပ်မြန်မာနိုင်ငံသို့ ပြန်နိုင်ရေးအတွက် ဧရာဝတီ ဖောင်ဒေးရှင်းမှ စင်းလုံးငှားလေယာဉ်များဖြင့် ကူညီမှုများ ပြုလုပ်ခဲ့သည်။

"Progress happens when smart, dedicated people translate good intentions into concrete realities."





## Environmental Responsible Organization

We would like to be an environmentally responsible organization for future growth and development of community and organization. Accomplishing its vision and mission, our Max Myanmar Group operates business in a socially responsible and environmentally sustainable manner and plans to adopt the ISO 14001:2004 Environmental Management System with sustainable policy in near future.

Safety measurements are always thoroughly checked by the inspection team for operation process and management pays serious attention to all safety matters. Through the ongoing effort, Ayeyarwady Foundation collaborating with Max Myanmar Group hopes to complement and support the growth and development of green practices in the wider community. Furthermore, our group is committed to reduce the environmental footprint of its operations by adopting environmentally friendly practices such as introducing energy saving measures in our premise and encouraging recycling initiatives.

## သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာတာဝန်ကျေပွန်လျက်ရှိသော အဖွဲ့အစည်း

လူမှုအဖွဲ့အစည်းနှင့် မိမိတို့အဖွဲ့အစည်း၏အနာဂတ်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ တာဝန်ကျေသော အဖွဲ့အစည်းတစ်ရပ် ဖြစ်လာရန် ကြိုးပမ်းလျက်ရှိသည်။ ရည်မှန်းချက်များ၊ မျှော်မှန်းချက်များအရ ကျွန်ုပ်တို့၏လုပ်ငန်းများအား လူမှုတာဝန်ကျေပွန်ပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုကို အလေးပေးသည့် အနေအထားများဖြင့် ဆောင်ရွက်လျက်ရှိပြီး မက်စ်မြန်မာသည် မဝေးတော့သည့် အနာဂတ်တွင် ISO 14001:2004 သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးစနစ်ကို သက်ဆိုင်ရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး မူဝါဒများအဖြစ် ဆင့်ပွားအသုံးပြုသွားမည်ဖြစ်သည်။

လုပ်ငန်းဖြစ်စဉ်တစ်ရပ်လုံး ယင်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ၊ မရှိကို စစ်ဆေးရေးအဖွဲ့က အသေအချာစစ်ဆေးပြီး စီမံကွပ်ကဲရေးဌာနမှ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် သက်ဆိုင်သည့်ကိစ္စအားလုံးကို အထူးအလေးပေး အာရုံစိုက်ထားသည်။ ဧရာဝတီဖောင်ဒေးရှင်းသည် မက်စ်မြန်မာကုမ္ပဏီနှင့် ပူးပေါင်း၍ သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်ငြိစွန်းမှုများကို လျှော့ချရန်အတွက် ထုတ်ပြန်ထားသော စွမ်းအင်လျှော့ချရေးစံချိန်စံညွှန်းများ၊ ပြန်လည်ဖန်တီးအသုံးပြုရေး တိုက်တွန်းအားပေးချက်များ စသည်တို့နှင့်အညီ အလေးအနက်ထား လုပ်ဆောင်လျက်ရှိပါသည်။

## Help Nurture Our Furture Generation By Joining Hands with AYEYARWADY FOUNDATION

### မျိုးဆက်သစ်တို့ အနာဂတ်လှပစေဖို့
### ဧရာဝတီဖောင်ဒေးရှင်း နှင့် လက်တွဲကူညီကြပါစို့





### Donation for IDPs in Northern Myanmar

Ayeyarwady Foundation donated 30 Million Kyats in light of humanitarian concern for Internally Displaced Persons (IDPs) in Northern Myanmar who had fled from their homes due to the conflict in that regions. A charity fund raising concert, organized by Shingni Nbat, was held at National Theater on November 10, 2014.

### Donation for Children from orphanage schools and monastic education

In August 2014, Ayeyarwady foundation donated 10 million kyats, clothes and footballs for one thousand children from orphanage schools and monastic education schools.

### Donation to Nghat Aw Sann Juvenile Centre

On February 23, 2014, Ayeyarwady Foundation and its families went to Nghat Aw Sann juvenile centre at Nghat Aw Sann village, Kaw Mhu Township, Yangon. Two 32 inches LED television were donated for the center along with others items such as cups, toothpaste, soaps, towels, shirts and boxers for each individual children. A total of 210 books in various categories were also donated for knowledge increment for the kids. 50 footballs were donated for the kids at the center to play football and plans were made to implement football trainings at the center occasionally. Some children are interested in boxing and training tools for boxing sports will be also donated.

### မြန်မာပြည်မြောက်ပိုင်းရှိ ပြည်တွင်း ရွှေ့ပြောင်းအခြေချသူများ အတွက် လှူဒါန်းခြင်း

မြန်မာနိုင်ငံမြောက်ပိုင်းရှိ ဒေသအချို့တွင် ဖြစ်ပွားလျက်ရှိသော ပဋိပက္ခများကြောင့် ယင်းဒေသများမှ ရွှေ့ပြောင်း နေထိုင်နေရသည့် ပြည်တွင်း ရွှေ့ပြောင်းအခြေချသူများ (IDPs) များအပေါ် လူသားချင်း စာနာ ထောက်ထားမှုကို ပြသသည့်အနေဖြင့် ကျပ်သန်း (၃၀) ကို လှူဒါန်းခဲ့သည်။ Shingni Nbat မှ ဦးစီးကျင်းပသော ရန်ပုံငွေမြှင့်တင်ရေး တင်ဆက်ဖျော်ဖြေမှုကို နိုဝင်ဘာလ ၁၀ ရက်၊ ၂၀၁၄ တွင် ကျင်းပခဲ့သည်။

### မိဘမဲ့ကျောင်းများနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများမှ ကလေးများအတွက် လှူဒါန်းခြင်း

၂၀၁၄ ခုနှစ်၊ ဩဂုတ်လတွင် ဧရာဝတီဖောင်ဒေးရှင်းမှ မိဘမဲ့ကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများရှိ ကလေးများအတွက် ငွေကျပ် ၁၀ သန်းအပါအဝင် အဝတ်အစားများ၊ ဘောလုံးများကို လှူဒါန်းခဲ့ပါသည်။

### ငှက်အော်စမ်း လူငယ်စခန်းသို့ လှူဒါန်းခြင်း

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၂၃ ရက်တွင် ဧရာဝတီဖောင်ဒေးရှင်းနှင့် အဖွဲ့ဝင်များသည် ရန်ကုန်မြို့၊ ကော့မှူးမြို့နယ်၊ ငှက်အော်စမ်းကျေးရွာရှိ ငှက်အော်စမ်းလူငယ်စခန်းသို့ သွားရောက်ခဲ့သည်။ (၃၂) လက်မရှိ LED တီဗွီ (၂) လုံးနှင့် အခြားအသုံးအဆောင်ပစ္စည်းဖြစ်သည့် ခွက်များ၊ သွားတိုက်ဆေးများ၊ ဆပ်ပြာများ၊ မျက်နှာသုတ်/ကိုယ်သုတ် ပဝါများ၊ ရှပ်အင်္ကျီများ၊ Boxer ဘောင်းဘီများ စသည်တို့ကို ကလေးတစ်ဦးစီအတွက် လှူဒါန်းခဲ့သည်။ လူငယ်များ အသိအမြင်ကြွယ်ဝစေရေးအတွက် အရေအတွက် (၂၁၀) ရှိ စာအုပ် အမျိုးမျိုးတို့ကို ကလေးများအတွက် လှူဒါန်းခဲ့သည်။ စခန်းနေ လူငယ်များအတွက် ဘောလုံး အလုံး(၅၀)ကို လှူဒါန်းခဲ့ပြီး ဘောလုံးအားကစားလေ့ကျင့်သင်ကြားမှုများကို စခန်းတွင် အခါအားလျော်စွာ ကျင်းပပြုလုပ်သွားရန် အစီအစဉ်များ ရေးဆွဲခဲ့ကြသည်။ လက်ဝှေ့အားကစားကို စိတ်ဝင်စားသူ လူငယ်များလည်းရှိရာ လက်ဝှေ့ဆိုင်ရာ အားကစားပစ္စည်းများကိုလည်း လှူဒါန်းပေးသွားမည် ဖြစ်ပါသည်။

# DISASTER MANAGEMENT



# DISASTER MANAGEMENT





Emergencies occur nearly every day and affect thousands of communities around the world, leaving people in urgent need of help to survive and recover. Rapid assistance can save lives during an emergency. With immediate and flexible financial support, relief agencies and local organizations that are first responders can deliver help within days when the needs are most significant and immediate response is critical. Slow-onset emergencies, such as food crises due to drought, require targeted support to help people recover and build community resilience to cope with future shocks. Ayeyarwady Foundation ensures that our partners are better prepared to respond to, and recover from, emergency situations and help communities "build back better" with innovative tools and approaches.

## သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုများ ပြုလုပ်ခြင်း၊ အကူအညီပေးခြင်း

အရေးပေါ်အခြေအနေကိစ္စရပ်များမှာ နေ့စဉ်နှင့်အမျှ ဖြစ်ပွားလျက်ရှိပြီး ကမ္ဘာအနှံ့မှ ဒေသအဖွဲ့အစည်း ထောင်ပေါင်းများစွာကို ထိခိုက်စေပြီး ထိခိုက်သူများမှာ အသက်ဆက်လက် ရှင်သန်နိုင်ရန်နှင့် ပြန်လည်ထူထောင်နိုင်ရန်အတွက် အကူအညီကို အမြန်ဆုံး လိုအပ်နေကြသည်။ အရေးပေါ်အခြေအနေကိစ္စများတွင် မဆိုင်းမတွ အကူအညီပေးခြင်းဖြင့် အသက်ကို ကယ်ဆယ်နိုင်သည်။ အရေးပေါ်ကိစ္စရပ်များ ဖြစ်ပွားပြီး ရက်ပိုင်းအတွင်းကာလသည် အကူအညီကို အလိုအပ်ဆုံးနှင့် ချက်ချင်း တုံ့ပြန်ခြင်းက အထူးအရေးကြီးသည်ဖြစ်ရာ သက်သာအဆင်ပြေစေရေး အေဂျင်စီများနှင့် ဒေသခံ အဖွဲ့အစည်းများက ထိုအချိန်အတွင်း မြန်ဆန်လွယ်ကူသော ငွေကြေးအထောက်အပံ့များနှင့် တွဲဖက်၍ အကူအညီပေးတုံ့ပြန်ကြသည်။ တဖြည်းဖြည်းစတင် ဖြစ်ပွားလာတတ်သော အရေးပေါ်အခြေအနေများ ဥပမာ- ရေကြီးသဖြင့် စားနပ်ရိက္ခာ အခက်အခဲရှိခြင်း စသည့် အခြေအနေများအတွက်လည်း လူအများကို ပြန်လည်ထူထောင်လာနိုင်စေရန်နှင့် ဖြစ်လာမည့် ကိစ္စရပ်များကို ရင်ဆိုင်ကျော်လွှားနိုင်စေရန် ဂရုတစိုက်အကူအညီပေးရမည် ဖြစ်သည်။ ကျွန်ုပ်တို့၏ မိတ်ဆွေများကို အဆိုပါ အခြေအနေများကို ရင်ဆိုင်တုံ့ပြန်နိုင်ရန်အတွက် ပြင်ဆင်ထားနိုင်ရန်၊ ယင်းအခြေအနေများမှ ပြန်လည် ထူထောင်လာနိုင်ရန်အတွက် ဧရာဝတီဖောင်ဒေးရှင်းမှ အသေအချာ ကူညီပံ့ပိုးပြီး ဒေသအဖွဲ့အစည်းများအား ဆန်းသစ်သည့်ကိရိယာများနှင့် နည်းလမ်းကောင်းများဖြင့် "ပိုမိုကောင်းမွန်စွာ ပြန်လည်တည်ဆောက်နိုင်ရန်" အထူးကြပ်မတ်အားပေးလျက် ရှိပါသည်။





## Nargis Cyclone

On $2^{nd}$ May, 2008, the natural disaster, namely Nargis Cyclone, with the peak winds of 10 km/h and the strong surge 20 feet up devasted Ayerwaddy Region casing catastrophic destruction and at least 138,000 fatalities. Employees from Max Myanmar Group of Companies and Myanmar National player were among the forerunners rushing to the scene with relief commodities such as medicines, food, clothes, blankets, drinking water, pots and pans, cash, etc for the immediate emergency relief to the Cyclone-victims survivors. And also survivors were conveyed to relief camps by cars and motorboats with the provision of health care and foods aid and shelter assistance. Ayeyarwady Foundation also participated in construction of urgently needed shelters and Chairman U Zaw Zaw led aid team staying in this Cyclone-affected area for six months by carrying out relief and rehabilitation works. A total of 200 buildings were constructed and donated by Max Myanmar and earth-moving equipment and logistics were deployed for development work. Cyclone shelters for 1000 people capacity cum hospital that could stand natural disaster and 20 feet high tidal waves were constructed in Cyclone-affected Pyinsalu Town and ambulances and fire-fighting were donated for emergency patients and fire hazards.

Our companies carried out rehabilitation works committing 1,500,000,000 kyats (U.S 1.7 million) for this project. "Lu Nge Arr Man (Youth Power)" Vocational Training School costing 380,000,000 kyats (US 400,000) for homeless and orphaned children was constructed at 3 mile camp in Laputta Town. We continued the necessary humanitarian assistance and rehabilitation works to Cyclone-affected areas on year on after Nargis Cyclone.

## နာဂစ်ဆိုင်ကလုန်းမုန်တိုင်း

မြန်မာနိုင်ငံအတွက် အဆိုးဆုံး သဘာဝဘေးအန္တရာယ်ဖြစ်သော နာဂစ်ဆိုင်ကလုန်းမုန်တိုင်းသည် ၂၀၀၈ ခုနှစ်တွင် ဧရာဝတီတိုင်းတွင် ဖြစ်ပွားခဲ့သည်။ စတင်ဖြစ်ပွားခဲ့သည့် အချိန်မှစကာ ကျွန်ုပ်တို့အဖွဲ့အစည်းမှ ယင်းနေရာများတွင် အသက်ကယ်ပစ္စည်းကိရိယာများ၊ ကျန်းမာရေးနှင့် ပညာရေးအထောက်အပံ့များဖြင့် ပံ့ပိုးပြီး မုန်တိုင်းဘေးသင့်ပြည်သူများ ပြန်လည်နေရာချထားရေးနှင့် ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ခဲ့ပါသည်။

- ၂၀၀၈ ခုနှစ် မေလ ၂ရက်နေ့နှင့် ၃ ရက်နေ့များတွင် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်ခဲ့ရာ တစ်နာရီကို မိုင် (၁၀၀) နှုန်းနှင့် လေတိုက်ခတ်မှုနှင့် အမြင့်ပေ ၂၀ ကျော်မြင့်သော ဒီရေလှိုင်းလုံးများကြောင့် ဧရာဝတီတိုင်းအတွင်း ဆိုးရွားစွာ ထိခိုက်ပျက်စီးမှုများ ဖြစ်ပွားစေခဲ့ပါသည်။
- မက်စ်မြန်မာသည် ပထမဦးစွာ အကူအညီပေးသည့် အဖွဲ့အစည်းများတွင် အပါအဝင်ဖြစ်ပြီး မုန်တိုင်းဘေးမှ လွတ်မြောက်လာသူများ အသက်ဆက်လက်ရှင်သန်နိုင်ရေးအတွက် ဆေးဝါးများ၊ အဝတ်အစားများ၊ စောင်များ၊ သောက်ရေများ၊ အိုးခွက်ပန်းကန်များ၊ အသုံးပြုရန် ငွေများ စသည်တို့ကို သယ်ဆောင်ပြီးမုန်တိုင်းဘေးသင့်ဒေသသို့အမြန်ဆုံး သွားရောက်ခဲ့သည်။
- အမြန်ဆုံးလိုအပ်နေသော အဆောက်အအုံနေရာထိုင်ခင်းများ ဆောက်လုပ်ရေးတွင်လည်း ကုမ္ပဏီမှ ပါဝင်ကူညီခဲ့သည်။ ကျွန်းသားအဆောက်အအုံ စုစုပေါင်း (၅၃၃) လုံး ဆောက်လုပ်ခဲ့ရာ ပြန်လည်နေရာချထားရေးကာလအတွက် အထောက်အကူပြုသည့်အနေဖြင့် ကုမ္ပဏီမှ အဆောက်အအုံ အလုံး (၂၀၀) ပါဝင် လှူဒါန်းခဲ့သည်။ ဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် မြေသယ်ကိရိယာများနှင့် ထောက်ပံ့ပို့ဆောင်ရေး ကိရိယာများ ကိုလည်း ပေးအပ်ထောက်ပံ့ခဲ့သည်။ ဆိုင်ကလုန်းတိုက်ခတ်ပြီး တည်ဆောက်သည့် ကုတင်(၅၀၀)ဆန့် ဆေးရုံကို ကုမ္ပဏီမှ ပြင်စလူမြို့နယ်တွင် ဆောက်လုပ်လှူဒါန်းခဲ့သည်။ အရေးပေါ် လူနာများနှင့် မီးဘေးအန္တရာယ်များအတွက် လူနာတင်ယာဉ်နှင့် မီးသတ်ကားများကို လှူဒါန်းခဲ့ပါသည်။





## Flood relief and Rehabilitation operations

To effectively address the continuing difficulties faced by the victims of recent floods, Ayeyarwady Foundation has opened base camps in the four townships of the Ayeyarwady Division (at Zalun, Ingapu, Thar Boung and Yay Kyi) and engaged in rescue and rehabilitation operations.

Accordingly, the Ayeyarwady Foundation has set up storage areas in four townships to try and fully address the emergency needs of the victims on such essential items such as rice, edible oil and drinking water. In addition, to systematically deal with the long-term issue of rebuilding these communities, the Foundation members have had discussions with the local organizations on the proper administration of the relief camps, preventative healthcare, reopening of schools and clinics, agricultural assistance, animal feed assistance, and the collection of accurate data.

During the flood relief and rehabilitation process in various sectors for the above mentioned regions, the local and international Charity groups, NGOs, INGOs the student unions and other organizations were cordially invited to work together with Ayeyarwady foundation for flood relief and rehabilitation operation centers.

## ရေဘေးနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းဆောင်ရွက်ချက်များ

ရေဘေးသင့်ပြည်သူများ ဆက်လက်ရင်ဆိုင်ရသည့် အခက်အခဲများအား ထိရောက်စွာဖြေရှင်းနိုင်ရန်အတွက် ဧရာဝတီဖောင်ဒေးရှင်းမှ ဧရာဝတီတိုင်းအတွင်းရှိ မြို့နယ်လေးခု (ဇလွန်၊ အင်္ဂပူ၊ သာပေါင်း၊ ရေကြည်) တို့တွင် အခြေစိုက်စခန်းများ ဖွင့်လှစ်ခဲ့ပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ ဧရာဝတီဖောင်ဒေးရှင်းမှ အဆိုပါ မြို့နယ် လေးမြို့နယ်တွင် သိုလှောင်စရာနေရာများ ဖန်တီးပြီး ရေဘေးသင့်ပြည်သူများ အရေးပေါ် လိုအပ်လာမည့် ဆန်၊ စားသုံးဆီ၊ သောက်ရေစသည်တို့ကို သိုလှောင်ထားရှိပါသည်။ ထို့ပြင် ယင်းဒေသအဖွဲ့အစည်းများ ပြန်လည်တည်ဆောက်ရေးအတွက် ရေရှည်ကြုံရမည့် အခက်အခဲများကို ရင်ဆိုင်နိုင်ရန်အတွက် သက်သာရေးစခန်းများအား စနစ်တကျ စီမံကွပ်ကဲခြင်း၊ ဖြစ်ပွားနိုင်သည့် ရောဂါများမှ ကြိုတင်အကာအကွယ်ပေးနိုင်သည့် ကျန်းမာရေးစောင့်ရှောက်မှုများပေးခြင်း၊ ကျောင်းများ၊ ဆေးခန်းများ ပြန်လည်ဖွင့်လှစ်ခြင်း၊ စိုက်ပျိုးရေးအကူအညီများ၊ မွေးမြူရေးတိရစ္ဆာန်အစာများ ထောက်ပံ့ကူညီပေးခြင်း၊ တိကျသည့် စာရင်းဇယားများကောက်ယူခြင်း စသည့် ကိစ္စရပ်များကို ဖောင်ဒေးရှင်းအဖွဲ့ဝင်များက ဒေသခံအဖွဲ့အစည်းများနှင့် ဆွေးနွေးခဲ့ကြသည်။

ယင်းဖော်ပြခဲ့သည့် နယ်ပယ်များတွင် သက်သာအဆင်ပြေစေရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရေးအတွက် ပြည်တွင်းနှင့် နိုင်ငံတကာ လှူဒါန်းရေးအဖွဲ့အစည်းများ၊ NGOများ၊ INGO များ၊ ကျောင်းသားအဖွဲ့အစည်းများနှင့် အခြားအဖွဲ့များအား ဧရာဝတီဖောင်ဒေးရှင်းနှင့် ပူးပေါင်း၍ သက်သာစေရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းဌာနများတွင် ပါဝင် အကူအညီပေးရန် လှိုက်လှဲစွာ ဖိတ်ခေါ်ခဲ့ပါသည်။



## Relief for Bago Flood Victims

Ayeyarwady Foundation went to Bago on August 8, 20014 to help the flood victims who lost their homes and facing a lot of difficulties. Ayeyarwady Foundation donated rice, oil, clean water and noodles for the 2000 families who left their homes and stayed at different camps in Bago. In the Bago relief trip for the victims, the staffs from the subsidiaries of Max Myanmar Holding Co. Ltd, Ayeyarwady Bank and Ayeyar Myanmar Insurance, about 200 people in total, had joined and divided into six groups when the team arrived to Bago and went to different camps in the city.

http://www.maxmyanmargroup.com/index.php/corporate-social-responsibility/csr-activities/157-relief-for-bago-flood-victims

## ပဲခူးရေဘေးသင့် ပြည်သူများအတွက် အကူအညီပေးခြင်း

၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့တွင် ဧရာဝတီဖောင်ဒေးရှင်းသည် အိမ်ဆုံးရှုံး၍ အခက်အခဲကြုံတွေ့နေရသူတို့ကို ကူညီရန် ပဲခူးမြို့သို့ သွားရောက်ခဲ့သည်။ ဧရာဝတီဖောင်ဒေးရှင်းမှ ဆန်၊ ဆီ၊ ရေသန့် ခေါက်ဆွဲတို့ကို အိမ်ဆုံးရှုံး၍ ကယ်ဆယ်ရေး စခန်းများတွင် နေထိုင်နေရသော မိသားစု ၂၀၀၀ တို့အား လှူဒါန်းခဲ့သည်။ ပဲခူးမြို့သို့သွားသည့် ပရဟိတခရီးစဉ်တွင် မက်စ်မြန်မာ ဟိုးဒင်းလ်ကုမ္ပဏီ၊ ဧရာဝတီဘဏ်နှင့် ဧရာမြန်မာအာမခံလုပ်ငန်းတို့မှ ဝန်ထမ်းများလည်း လိုက်ပါကြပြီး စုစုပေါင်း လူဦးရေ ၂၀၀ ခန့် ပါဝင်ခဲ့သည်။ လိုက်ပါသူများကို အဖွဲ့ (၆) ဖွဲ့ခွဲပြီး ပဲခူးသို့ ရောက်သောအခါ မတူညီသည့် စခန်းများဆီသို့ အသီးသီး သွားရောက်လှူဒါန်းခဲ့ကြပါသည်။



## Kalay – Kalaywah Road Repairs (Under-Way)

Ayeyarwady Foundation has started the repairs for Kalay-Kalaywah Roads that were badly damaged by the recent floods. Due to the destruction, there have been difficulties faced in delivering relief supplies to Kalay, a flood-affected area. In addition, AYA Foundation is also taking the initiative to clear away any remnants that the flood may have left.

One of the flood Relief Teams from Ayeyarwady Foundation is also working with another Relief Team that works with Rakhine National Party to offer Relief aid to villages along Thayee Creek such as Pyaine-Can, Kyar Kan, Ma-Kyar, KhaHlaing, Kyet Khin, Nay Pu Khan, Kun Cuan Villages Medical supplies and dried foodstuff were also offered.

Second flood Relief Team from the foundation made a trip to Pandaung Township in Pyay, Bago Region to praide relief aid to Flood victions in Thayar Thit, Tharyar Thaung, Latt Tha Kone, Naut Tan Kone, Kant Lant Kone & Ohe Pho Kone Villages. Third Relief Team was deployed to Taung Yay Kyaw Village in Shwe Taung while another team was deployed to Nyaung Tone in Ayeyarwady Division to offer relief aid to flood-affected villages.

http://ayeyarwadyfoundation.org/kalay-kalaywah-road-repairs-under-way/

## ကလေး - ကလေးဝလမ်းများ ပြင်ဆင်နေခြင်း

မကြာသေးမီက ဖြစ်ပွားခဲ့သော ရေဘေးအန္တရာယ်ကြောင့် ကလေး-ကလေးဝလမ်းများ ဆိုးရွားစွာ ထိခိုက်ပျက်စီးခဲ့ရာ ဧရာဝတီဖောင်ဒေးရှင်းမှ ပြန်လည်ပြင်ဆင်မှုများကို စတင်ခဲ့သည်။ ထိခိုက်ပျက်စီးမှုများကြောင့် ရေဘေးသင့်ဒေသဖြစ်သည့် ကလေးမြို့သို့ အကူအညီများပေးရန် အခက်အခဲရှိခဲ့သည်။ ရေဖြင့် တင်ကျန်ခဲ့သော အပျက်အစီးအပိုင်းအစများကိုလည်း ဧရာဝတီဖောင်ဒေးရှင်းမှ ဦးဆောင်၍ ရှင်းလင်းဖယ်ရှားခဲ့သည်။


ဧရာဝတီဖောင်ဒေးရှင်းမှ ရေဘေးအကူအညီပေးရေးအဖွဲ့များအနက် တစ်ခုသည် ရခိုင်အမျိုးသားပါတီနှင့် တွဲဖက်လုပ်ကိုင်သည့် အခြား ရေဘေးအကူအညီပေး အဖွဲ့တစ်ခုနှင့်ပူးပေါင်းပြီး သရီချောင်းရိုးတစ်လျှောက်ရှိ ရွာများဖြစ်သည့် ပြိုင်ကန်၊ ကြာကန်၊ မကြာ၊ ခလှိုင်း၊ ကြက်ခင်း၊ နေပူခန်း၊ ကွန်ကျွမ် ကျေးရွာများသို့ သွားရောက်ပြီး သက်သာအဆင်ပြေစေရေးအကူအညီများ ပေးခဲ့သည်။ ဆေးဝါးအထောက်အပံ့များ၊ ရိက္ခာခြောက်များကို လှူဒါန်းခဲ့သည်။


ဖောင်ဒေးရှင်းမှ နောက်ထပ်ရေဘေးအကူအညီပေးရေးအသင်းတစ်ခုသည် ပဲခူးဒေသ၊ ပြည်မြို့မှ ပန်းတောင်းမြို့နယ်သို့ သွားရောက်ပြီး သာယာသစ်၊ သာယာသောင်၊ လက်ခုပ်ကုန်း၊ နောက်တန်းကုန်း၊ ကန့်လန့်ကုန်းနှင့် အိုးဖိုကုန်းရွာများရှိ ရေဘေးသင့်ပြည်သူများအား သက်သာအဆင်ပြေစေရေး အကူအညီများ ပေးခဲ့ကြသည်။ နောက်ထပ် တတိယမြောက်အဖွဲ့အား ရွှေတောင်မြို့နယ်ရှိ တောင်ရေကျော်ရွာသို့ စေလွှတ်ပြီး အခြားအဖွဲ့တစ်ဖွဲ့ဖြင့် ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအား သက်သာအဆင်ပြေရေး အကူအညီများ ပေးခဲ့ပါသည်။

# FINANCIAL HIGHLIGHT

## Activities, Donations and Contributions

| | Kyats | US$ |
|---|---|---|
| Social Sector | 6,504,000,000 | |
| Religious Sector | 4,507,000,000 | |
| Education Sector | 8,201,000,000 | |
| Health Sector | 19,500,000,000 | |
| Sport Sector | 21,060,000,000 | 81,539 |
| **Total** | **59,772,000,000** | |



# AYEYARWADY FOUNDATION











AYEYARWADY FOUNDATION

## CONTACT US

No.123, Alanpya Pagoda Road, Dagon Township, Yangon, Myanmar.
Tel: (951) 255819~38, Fax: (951) 255844 Email: info@ayeyarwadyfoundation.org
Website: www.ayeyarwadyfoundation.org
Facebook: www.facebook.com/ayeyarwadyfoundation